# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## နိုင်ငံခြားငွေလွှဲပြောင်းရာတွင် စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တစ်ဦးချင်းပုဂ္ဂိုလ်များက နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်အကောက်များအပြေအကြေ ပေးဆောင်ခြင်း၊ အခွန်စာရင်းရှင်းလင်းခြင်းတို့ ဆောင်ရွက်ပြီး/ မပြီး စိစစ်ရမည့်လုပ်ငန်းစဉ် (Standard Operating Procedure - SOP) ပြင်ဆင်ချက်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၁-၄-၂၀၂၃ ရက်စွဲပါစာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၂/၂၇၉(၂၄၈၅/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့သော ၁-၅-၂၀၂၃ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ခဲ့သည့် Standard Operating Procedure - SOP တွင် ပေးချေငွေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အခွန်ပေးဆောင်ပြီးကြောင်း သို့မဟုတ် အခွန်ကင်းရှင်းကြောင်း အထောက်အထားကိုစိစစ်ရသည့် အထောက်အထားပုံစံအချို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုအစီအစဉ်အရ ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

၂။ ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းဆောင်ရွက်ကြသည့် စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တစ်ဦးချင်းပုဂ္ဂိုလ်များက အခွန်ပေးဆောင်ပြီးကြောင်း သို့မဟုတ် အခွန်ကင်းရှင်းကြောင်း အထောက်အထားပုံစံအဟောင်းအပြင် ယခုထုတ်ပြန်လိုက်သည့် ပုံစံအသစ်များပါ တင်ပြလာနိုင်သည်ဖြစ်၍ ၁-၅-၂၀၂၃ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ခဲ့သည့် Standard Operating Procedure - SOP ပါ အချက်များအား အောက်ပါအတိုင်း ပြင်ဆင်ထုတ်ပြန်လိုက်သည် -

(က) "ပုံစံ ပတခ(ဝင)-၈" ဆိုသည့်စကားရပ်အစား "ပုံစံ ပတခ(ဝင)-၈ သို့မဟုတ် ပုံစံ ပတခ(ဝင)-၀၄-၀၈" ဟုလည်းကောင်း၊ (**ပူးတွဲ-၁**)

(ခ) "ပုံစံ SAS-1" ဆိုသည့်စကားရပ်အစား "ပုံစံ SAS-1 သို့မဟုတ် ပုံစံ ပတခ(ဝင)-၀၄-၀၁" ဟု လည်းကောင်း။ (**ပူးတွဲ-၂**)

၃။ ထို့ပြင် အဆိုပါ SOP တွင် အောက်ဖော်ပြပါအပိုဒ်များအား ဖြည့်စွက်ထုတ်ပြန်လိုက်သည် -

(က) အပိုဒ် ၅၊ အပိုဒ်ခွဲ (ခ) ၏ နောက်တွင် အပိုဒ်ခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရန် -

"(ဂ) အခွန်စည်းကြပ်ခြင်းဆိုင်ရာကိစ္စရပ်များ ပြီးစီးအောင် ဆောင်ရွက်နေစဉ် အတွင်းဖြစ်၍ ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းမှုအပေါ် အခွန်ကင်းရှင်း ကြောင်းအထောက်အထား ထုတ်ပေးနိုင်ပါရန် ပြည်ပသို့ နိုင်ငံခြားငွေလွှဲ ပြောင်းမည့်သူမှ လျှောက်ထားလာပါက မှန်ကန်မှုရှိ/မရှိစိစစ်၍ **နိုင်ငံခြားငွေ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ကို** သက်ဆိုင်ရာဌာနမှူးများ သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးများက ထုတ်ပေးရန်။"

(ခ) အပိုဒ် ၆၊ အပိုဒ်ခွဲ (စ) ၏ နောက်တွင် အပိုဒ်ခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရန် -

"(ဆ) အထက်ဖော်ပြပါပုံစံများကို ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းမည့်သူက တင်ပြနိုင်ခြင်းမရှိပါက သက်ဆိုင်ရာဌာနမှူးများ သို့မဟုတ် မြို့နယ်အခွန် ဦးစီးဌာနမှူးများက ထုတ်ပေးထားသည့် **နိုင်ငံခြားငွေလွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ အခွန်ကင်းရှင်းကြောင်းထောက်ခံချက်ပေးပို့ခြင်း** ပုံစံကို စိစစ်ရန် ဖြစ်ပါသည်။" (**ပူးတွဲ-၃**)

(ဂ) အပိုဒ် ၇၊ အပိုဒ်ခွဲ (ဃ) ၏ နောက်တွင် အပိုဒ်ခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရန် -

"(င) ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းဆောင်ရွက်သူအနေဖြင့် အခွန်စည်းကြပ် ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်နေစဉ်အတွင်းဖြစ်၍ အထက်ဖော် ပြပါ သတ်မှတ်အထောက်အထားပုံစံများ တင်ပြနိုင်ခြင်းမရှိပါက အခွန် ကင်းရှင်းကြောင်း အထောက်အထား ထုတ်ပေးနိုင်ပါရန် ပြည်တွင်းအခွန် များဦးစီးဌာန၊ သက်ဆိုင်ရာအခွန်ရုံးများသို့ လျှောက်ထားပြီး ဆိုင်ရာရုံးမှ ထုတ်ပေးထားသည့် **နိုင်ငံခြားငွေလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အခွန် ကင်းရှင်းကြောင်းထောက်ခံချက်**ကို တင်ပြရန်။"

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

ပူးတွဲ-၁

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။

ပတခ(ဝင)-ဝ၄-ဝ၈

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၃၁ အရ ဝင်ငွေခွန်စည်းကြပ်မှု**
**အကြောင်းကြားစာ**

အခွန်တောင်းခံလွှာအမှတ်၊CDN-[redacted]

ရက် စွဲ ၊ 14-6-2023

သို့

အခွန်ထမ်းအမည် -BBB Co., Ltd
အခွန်ထမ်းမှတ်ပုံတင်အမှတ်- [redacted]/MCO/17134
လိပ်စာ-No( ), ......... Street, ............ Township, Yangon
ဝင်ငွေနှစ်(အခွန်ကာလ)- ၂၀၂၂-၂၀၂၃

၁။ ၂၀၂၃-၂၀၂၄ စည်းကြပ်နှစ်အတွက် လူကြီးမင်းသည် ကျောဘက်ပါပုံစံတွင် အသေးစိတ် ဖော်ပြထားချက်အရ ပေးဆောင်ရန် တာဝန်ရှိသည့် အခွန်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပေးဆောင်ရန် အကြောင်းကြားပါသည်။

| | | | |
|---|---|---|---|
| (က) | ဝင်ငွေခွန် | ကျပ် | 137,846 |
| (ခ) | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ၆၅ အရ ဒဏ်ကြေးငွေ | ကျပ် | 0 |
| (ဂ) | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ၆၆ အရ ဒဏ်ကြေးငွေ | ကျပ် | 0 |
| (ဃ) | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ၆၇ အရ ဒဏ်ကြေးငွေ | ကျပ် | 0 |
| (င) | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ၆၈ အရ ဒဏ်ကြေးငွေ | ကျပ် | 0 |
| (စ) | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ၆၉ အရ ဒဏ်ကြေးငွေ | ကျပ် | 0 |
| (ဆ) | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ၇၀ အရ ဒဏ်ကြေးငွေ | ကျပ် | 0 |
| (ဇ) | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ၇၁ အရ ဒဏ်ကြေးငွေ | ကျပ် | 0 |
| (ဈ) | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ၇၂ အရ ဒဏ်ကြေးငွေ | ကျပ် | 0 |
| (ည) | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ၇၃ အရ ဒဏ်ကြေးငွေ | ကျပ် | 0 |
| (ဋ) | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ၇၄ အရ ဒဏ်ကြေးငွေ | ကျပ် | 13,785 |
| | စုစုပေါင်းပေးဆောင်ရမည့် အခွန်ပမာဏ | ကျပ် | 151,631 |
| | စာဖြင့် - တစ်သိန်း ငါးသောင်း တစ်ထောင့် ခြောက်ရာ့ သုံးဆယ့် တစ် | ကျပ်တိတိ | |

၂။ အထက်ပါ ပေးဆောင်ရမည့် အခွန်ငွေပမာဏကို သဃ်န်းကျွန်းမြို့ရှိ သဃ်န်းကျွန်းဘဏ်၊ ဘဏ်ခွဲ( )၊ ဘဏ်စာရင်းအမှတ် MD - 011521 သို့ ပူးတွဲပါငွေသွင်းချလန်ဖြင့်ဖြစ်စေ၊အီလက်ထရောနစ်နည်းလမ်းဖြင့်ဖြစ်စေ 5-7-2023 ရက်နေ့ နောက်ဆုံးထားပေးသွင်းပြီး လက်ခံဖြတ်ပိုင်း/အခွန်ပေးဆောင်မှုအထောက်အထားကို ရယူစေလိုပါသည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းရန် ပျက်ကွက်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၇၄ အရ၊ပုဒ်မခွဲ(က)အရ ဒဏ်ငွေ ထပ်မံတပ်ရိုက်ခြင်း ခံရဖွယ်ရှိပါ၍ မပျက်မကွက်ပေးဆောင်စေလိုပါသည်။

၃။ စည်းကြပ်မှု သို့မဟုတ် ဒဏ်ကြေးငွေတပ်ရိုက်မှုအတွက် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄ ပါ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ရုံးအမှတ် (၄၆) ၊နေပြည်တော်သို့ အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း လျှောက်ထားနိုင်ပါသည်။

ရုံးတံဆိပ်

တာဝန်ခံအရာရှိ
ပြည်တွင်းအခွန်များဦးစီးဌာန
---------------------------ရုံး
အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၄)

SAMPLE

## ဝင်ငွေခွန်အမျိုးအစားအလိုက် သတ်မှတ်မှု

| ဝင်ငွေရလမ်း | | သတ်မှတ်သည့် ဝင်ငွေ |
|---|---|---|
| ၁။ လစာ | ---------- | 0 |
| ၂။ အသက်မွေးဝမ်းကြောင်းပညာလုပ်ငန်း | ---------- | 0 |
| ၃။ စီးပွားရေးလုပ်ငန်း | ---------- | 1,990,209.00 |
| ၄။ ပစ္စည်းငှားရမ်းခ | ---------- | 0 |
| ၅။ အခြေပစ္စည်းမှ မြတ်စွန်းငွေ | ---------- | 0 |
| ၆။ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေ | ---------- | |
| ၇။ အခြားရလမ်းများမှဝင်ငွေ | | |
| စုစုပေါင်း | ---------- | 1,990,209.00 |
| နုတ် *သက်သာခွင့်များ | ---------- | |
| အခွန်စည်းကြပ်ရန် အသားတင်ဝင်ငွေ | ---------- | 1,990,209.00 |
| ကျသင့်ဝင်ငွေခွန် | ---------- | 437,846.00 |
| နုတ် - ပေးဆောင်ပြီးအခွန်ငွေစုစုပေါင်း | ---------- | 300,000.00 |
| ပေးဆောင်ရန်ကျန်/ပြန်အမ်းရန် အခွန် | ---------- | 137,846.00 |

*သက်သာခွင့်များ

| | | | |
|---|---|---|---|
| (၁) | အခြေခံသက်သာခွင့်များ | ---------- ကျပ် | ---------- |
| (၂) | အတူနေမိဘအတွက်သက်သာခွင့် | ---------- ကျပ် | ---------- |
| (၃) | အိမ်ထောင်ဖက်အတွက်သက်သာခွင့် | ---------- ကျပ် | ---------- |
| (၄) | သားသမီးများအတွက်သက်သ ာခွင့် | ---------- ကျပ် | ---------- |
| (၅) | အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံ အတွက် ပေးရသော ပရီမီယံ | ---------- ကျပ် | ---------- |
| (၆) | လူမှုဖူလုံရေးရန်ပုံငွေသို့ အခွန်ထမ်းမှ ထည့်ဝင်ငွေ | ---------- ကျပ် | ---------- |
| (၇) | လှူဒါန်းငွေ | ---------- ကျပ် | ---------- |
| | စုစုပေါင်း | ---------- ကျပ် | |

SAMPLE

ပူးတွဲ-၂

ပတခ(ဝင်)-၀၄-၀၁

ရက်စွဲ ။ ။ ၂၀၂၃ ခုနှစ် ၅ ရက်

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၆၄ တို့အရ**

**အခွန်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု**

အမည် B B B Co., Ltd

လိပ်စာ No( ), .........Street,.........Township, Yangon

အခွန်ထမ်းမှတ်ပုံတင်အမှတ် 000000001

*၂၀၂၁ အောက်တိုဘာ ၁ ရက် နေ့မှ ၂၀၂၂ မတ် ၃၁ ရက်* ဝင်ငွေနှစ်/ဘဏ္ဍာနှစ်အတွက်လူကြီးမင်းတင်ပြသော *ဝင်ငွေခွန်* ကြေညာလွှာကို ၂၁/၇/၂၀၂၂ တွင်လက်ခံရရှိပါသည်။ကြေညာလွှာကိုကနဦးစိစစ်ပြီးဖြစ်ပါသည်။ သို့ရာတွင်လူကြီးမင်း၏ကြေညာလွှာကိုလိုအပ်ပါကစာရင်းစစ်ဆေးကောင်းစစ်ဆေးနိုင်မည်ဖြစ်ကြောင်းကိုသတိပြုနိုင်ပါရန်ကြိုတင်အသိပေးအပ်ပါသည်။

ကြေညာလွှာကိုကနဦးစိစစ်ရာတွင်

ကြေညာလွှာတင်သွင်းခြင်း

တင်ပြသည့်အတိုင်းလက်ခံပါသည်။

ကြေညာလွှာများအား စိစစ်ခြင်း

လူကြီးမင်းတင်ပြသောကြေညာလွှာများကိုစိစစ်ရာတွင်ကိန်းဂဏန်းမှားယွင်းမှုမရှိပါ။

သို့ပါ၍ *၂၀၂၁ အောက်တိုဘာ ၁ ရက် နေ့မှ ၂၀၂၂ မတ် ၃၁ ရက် ဘဏ္ဍာနှစ်*အတွက်လူကြီးမင်း၏အခွန်ပေးရန်တာဝန်မှာ လူကြီးမင်းတွက်ချက်တင်ပြသည့် *ကျပ် K 0.00*ဖြစ်ပါသည်။

| | |
|---|---|
| အခွန်ထမ်းတွက်ချက်ထား သော အခွန် | *K 0.00* |
| အမှားကိုပြင်ဆင်ပြီး နောက် အခွန် | *K 0.00* |
| ကွာသင့်ခွန် (အတိုး/ အလျော့) | *K 0.00* |

ပြစ်ဒဏ်များ တပ်ရိုက်ခြင်း

ကြေညာလွှာနောက်ကျတင်သွင်းခြင်း/အခွန်ပေးဆောင်ရန်နောက်ကျခြင်းတို့အတွက်ပြစ်ဒဏ်ကိုလူကြီးမင်း၏အခွန်ပေးရန်တာဝန်တွင်ပေါင်းထည့်ထားပါသည်။

ပြစ်ဒဏ်အပါအဝင် အခွန်ပမာဏကို အောက်တွင် ဖော်ပြထားပါသည်။

| | |
|---|---|
| အခွန်ထမ်းတွက်ချက်တင်ပြ သော သို့မဟုတ် ကြေညာလွှာစိစစ်ရာတွင် အမှားပြင်ဆင်ထား သော အခွန်ပမာဏ | *K 0.00* |
| ပြစ်ဒဏ် | *K 100,000.00* |
| စုစု ပေါင်း အခွန် ပေးရန်တာဝန် | *K 100,000.00* |

အောက်ပါ ပြစ်ဒဏ်ပြဋ္ဌာန်းချက် တစ်ခုသို့မဟုတ် တစ်ခုထက်ပို သော ပြဋ္ဌာန်းချက်များ ပေါ်တွင် အ ခြေခံထား သေ စ်ဒဏ်

ဝင်ငွေခွန်ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်း (value)

အခွန် ပေး ဆောင်ခြင်း

SAMPLE

***၂၀၂၁ အောက်တိုဘာ ၁ ရက် နေ့မှ ၂၀၂၂ မတ် ၃၁ ရက် ဘဏ္ဍာနှစ်***အတွက်လူကြီးမင်းတွက်ချက်တင်ပြခဲ့သောအခွန်ပမာဏနှင့်ပြည်တွင်းအခွန်များဦးစီးဌာနသို့ပေးဆောင်ထားသောကြိုတင်ခွန်များအားပြန်လည်စိစစ်ပြီးသည့်နောက်တွင်လူကြီးမင်းအနေဖြင့်ထပ်မံပေးဆောင်ရန်ရှိသောကျသင့်ခွန်(သို့မဟုတ်)ပြန်လည်ရရှိမည့်ပြန်အမ်းငွေမှာအောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| အခွန်ထမ်းတွက်ချက်တင်ပြ သော သို့မဟုတ် မှားယွင်းမှုများကို ပြင်ဆင်ပြီးကျသင့်ခွန် | *K 0.00* |
| ပြည်တွင်းအခွန်များဦးစီးဌာနမှ လက်ခံရရှိ စိစစ်ပြီး သော ကြိုတင်ခွန် | *K 0.00* |
| ဘဏ္ဍာနှစ် ကုန်ဆုံးပြီးနောက် ပေးသွင်းခဲ့သော အခွန်များ | *K 0.00* |
| အခွန်နှစ်ထပ်မကျသင့်စေရေးစာချုပ်ပါဝင် နိုင်ငံများသို့ ပေးဆောင်ခဲ့သော အခွန် | *K 0.00* |
| ပေး ဆောင်ရန်ကျန်/ပြန်အမ်းရန်အခွန် | *K 0.00* |
| ပြစ်ဒဏ် (ရှိပါက) | *K 0.00* |
| အထက်ပါအပိုဒ်မှ ပြစ်ဒဏ် | *K 100,000.00* |
| စုစု ပေါင်း ပေး ဆောင်ရမည့် ပမာဏ / ပြန်အမ်းရန်အခွန် | *K 100,000.00* |

ပြည်တွင်းအခွန်များဦးစီးဌာနသို့ပေးဆောင်ရမည့်ကျသင့်ခွန်လက်ကျန်ရှိပါကယင်းကျသင့်ခွန်ကို မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)၊ဘဏ်စာရင်းနံပါတ်MD-010118သို့ဖြစ်စေ၊ www.ird.gov.mm website မှတစ်ဆင့် MPU ကဒ်ဖြင့်ဖြစ်စေ၊ပုဂ္ဂလိကဘဏ်ခွဲများမှတစ်ဆင့် CBN-Net ၏ CCT Function ကိုအသုံးပြု၍ဖြစ်စေ ***၂၆/၆/၂၀၂၃***နောက်ဆုံးထား၍ပေးသွင်းရန်အကြောင်းကြားအပ်ပါသည်။ပေးဆောင်ရန်ပျက်ကွက်ပါကအခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ၇၄၊ပုဒ်မခွဲ(က)အရဒဏ်ကြေးငွေနှင့်ပုဒ်မ၄၉အရအတိုးတို့ကိုပေးဆောင်ရမည်ဖြစ်ပြီးအခွန်စာရင်းစစ်ဆေးခြင်းခံရနိုင်ဖွယ်ရှိကြောင်းအကြောင်းကြားအပ်ပါသည်။

အခွန်ထမ်းသည်ဦးစီးဌာန၏စည်းကြပ်မှုသို့မဟုတ်အခြားဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိပါကစီမံအုပ်ချုပ်မှုနည်းလမ်းအရပြန်လည်သုံးသပ်ပေးရန်ညွှန်ကြားရေးမှူး ချုပ်၊ပြည်တွင်းအခွန်များဦးစီးဌာနသို့ဤအကြောင်းကြားစာလက်ခံရရှိသည့်နေ့မှရက်ပေါင်း၃၀အတွင်းလျှောက်ထားရမည်ဖြစ်ပါသည်။

ဤတောင်းခံလွှာနှင့်စပ်လျဉ်း၍မရှင်းလင်းသည်များကိုမေးမြန်းလိုပါက လုပ်ငန်းလုပ်ဆောင်မှုဌာနစုတယ်လီဖုန်းအမှတ် ၀၁-၈၃၈၄၁၁၂၊၀၁-၈၃၈၄၈၀၄ များသို့ဆက်သွယ်၍ဖြစ်စေ၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁) အမှတ်၊၅၆၉-၅၇၇၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ သို့ဖြစ်စေ၊ cpt.mto1@gmail.com အီးမေးလ်သို့ဖြစ်စေ၊ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း၊ www.ird.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းလေးစားစွာဖြင့်အသိပေးအကြောင်းကြားအပ်ပါသည်။

လေးစားစွာဖြင့်

(ရီရီဝင်း)
ဦးစီးအရာရှိ
အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)

ပူးတွဲ-၃

အမှတ်စဉ်၊ ---------------

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

--------------------------- ရုံး

စာအမှတ် ၊--------------------

ရက် စွဲ ၊--------------------

သို့

မန်နေဂျာ

နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD)လိုင်စင်ရဘဏ်

အကြောင်းအရာ။ **နိုင်ငံခြားငွေလွှဲပြောင်းခြင်းနှင့်စပ်လျဥ်း၍ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ပေးပို့ခြင်း**

၁။ ------------------ တိုင်းဒေသကြီး/ပြည်နယ်၊--------------- မြို့နယ်၊ -------------- ရပ်ကွက်၊ ------------- လမ်း၊ အိမ်အမှတ်--------- နေ ဦး/ဒေါ် ----------------၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် -----------------------/ -------------------- ------------------ ကုမ္ပဏီ၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် --------------------- ကို နိုင်ငံခြားငွေလွှဲပြောင်းခြင်းနှင့်စပ်လျဥ်း၍ အခွန်ကိစ္စအလို့ငှာတည်ဆဲအခွန် ဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ ဦး/ဒေါ် --------------------/---------------------------------------- ကုမ္ပဏီ၏ နိုင်ငံခြားငွေလွှဲပြောင်းခြင်း ကိစ္စအပေါ် အခွန်ကိစ္စများစိစစ်ဆောင်ရွက်ခဲ့ရာတွင် -

(က) ၂၀---၂၀--- စည်းကြပ်နှစ်အထိ အခွန်စည်းကြပ်မှုခံယူ၍ ကျသင့်သောအခွန်များအပြေအကျေပေးသွင်းပြီး ဖြစ်ပါသည်။

(ခ) ၂၀----၂၀---- စည်းကြပ်နှစ်အတွက် ကြိုတင်ခွန် ကျပ် ----------------- ကို ပေးဆောင်ပြီး လုံလောက်သော အစီအမံများ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဦး/ဒေါ် -------------------/------------------------------ **ကုမ္ပဏီ၏ နိုင်ငံခြားငွေလွှဲပြောင်းခြင်း** ကိစ္စအပေါ် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ပါရန် ညှိနှိုင်းအကြောင်းကြားအပ်ပါသည်။

ရုံးတံဆိပ်

ဌာနမှူး/ မြို့နယ်အခွန်ဦးစီးဌာနမှူး

----------------------------

----------------------------

မိတ္တူကို

----------------------------------------------------အခွန်ဦးစီးဌာနမှူး

ဦး/ဒေါ် ------------------/ --------------------------------------------- ကုမ္ပဏီ

ရုံးလက်ခံ